**ရန်ကုန်တိုင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင် အသုံးပြုရန် အတွက် ရန်ကုန်တိုင်းကိုယ်စားပြု လာဘ်ကောင်ပုံစံ (Mascot Design) ပြိုင်ပွဲဝင် ပစ်တိုင်းထောင်အရုပ် အဖို၊အမ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်**

ပစ်တိုင်းထောင်အရုပ်စုံတွဲ အဖို၊အမဖြစ်သော ဦးပစ်တိုင်းထောင် နှင့် ဒေါ်ပစ်တိုင်းထောင်တို့ကို ဖန်တီးရာတွင် အဓိကအားဖြင့် မျက်နှာအမူအရာ၊အပြင်အဆင်နှင့်ခွဲခြားထားပြီး ကိုယ်ထည်ပိုင်းအား ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအရောင် **RGB(136,34,102) #882266** ကို ပင်မအရောင်အဖြစ် အသုံးပြုပြီး ပုံစံတူဖန်တီးရေးဆွဲထားပါသည်။

ပစ်တိုင်းထောင်အရုပ် အဖို၏မျက်နှာပြင်အရောင်သည် ပုံမှန်အသားရောင်ကဲ့သို့ ဖန်တီးထားပြီး အမ၏မျက်နှာပြင်အရောင်မှာ အမနှင့်လိုက်ဖက်လှပသော ပန်းနုရောင်ကိုအသုံးပြုထားပါသည်။ ဆံပင်ပုံစံကိုလည်း အဖိုတွင် မြန်မာ့ရိုးရာ ဆံပင်ပုံစံကိုယ်စားပြုသော **"ဦးစွန်းဖုတ်"** ပုံစံနှင့်လည်းကောင်း၊ အမတွင် **"ဆံမြိတ်"** ပုံစံနှင့်လည်းကောင်း၊ ရေးဆွဲထားပြီး အမ၏ဆံမြိတ်ဘေးအစွန်းတွင် မြန်မာအမျိုးသမီးများ၏ ဆံကေသာထက်တွင် ပန်းပန်ဆင်လေ့ရှိသော အလေ့အထနှင့် ဖြူစင်သောစိတ်စေတနာကို ညွှန်းဆိုသောအားဖြင့် စံပယ်ပန်းလေးအား ပန်ဆင်ထားဟန် သရုပ်ဖော်ထားပါသည်။ အမအရုပ်၏ ပါးပြင်နှစ်ဖက်တွင်လည်းမြန်မာ့သနပ်ခါးကို ပါးကွက်လေးအဖြစ် လိမ်းခြယ်ထားပါသည်။

ပစ်တိုင်းထောင်ရုပ် အဖို၊အမ၏ နှုတ်ခမ်းလေးများသည်လည်း အရုပ်၏အောက်ခြေဘက်ပိုင်းရှိ **"ရန်ကုန်မြို့တော်မှ နွေးထွေးစွာကြိုဆိုပါ၏"** (Warmly Welcome to Yangon City) စာသားအား ပိုမိုလေးနက် ပေါ်လွင်စေရန် နွေးထွေးလှိုက်လှဲသောအပြုံးဖြင့်သရုပ်ဖော် ရေးဆွဲထားပါသည်။

အရုပ်များ၏ ရင်ဘတ်နေရာရှိ တံဆိပ်ဝိုင်းလေး အတွင်းတွင် အမိမြန်မာနိုင်ငံတော်အလံကို ကိုယ်စားပြုသော **"ဝါ၊စိမ်း၊နီ"** သုံးရောင်ခြယ်နောက်ခံနှင့် အဖြူရောင်မြန်မာစာသားအဝိုင်းလေးသည် မြန်မာတိုင်းရင်းသားတို့၏ဖော်ရွေပျူငှာသော စိတ်ထားကိုဖော်ကျူး၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

အောက်ခြေဘက်ရှိ **"ရန်ကုန်မြို့တော်မှ နွေးထွေးစွာကြိုဆိုပါ၏"** (Warmly Welcome to Yangon City) စာသားရေးဆွဲထားသော အောက်ခံဒီဇိုင်းနှင့်အရောင်မှာ **ရန်ကုန်** (Yangon) **မြို့တော်ကြီး**ဆီသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးဖြင့်စတင်ဝင်ရောက်သည် ဆိုသည်နှင့် ဦးစွာမြင်တွေ့ဖူးမျှော်ခွင့်ရနိုင်သည့် ပြည်တွင်းသာမက နိုင်ငံတကာ၌ပါ ထင်ရှားကျော်ကြားတန်ခိုးကြီးလှသော ရွှေရောင်တဖိတ်ဖိတ် တောက်ပပြီး ကြည်ညိုဖွယ် **"ရွှေတိဂုံစေတီတော်မြတ်ကြီး"**အား ရည်ညွှန်း၍ မြန်မာ့ကနုတ်ပန်းဒီဇိုင်းနှင့်အတူ ရွှေရောင်အဆင်းကဲ့သို့ ဖန်တီးရေးဆွဲထားခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်ခင်ဗျား။ ။

လေးစားစွာဖြင့်
ဦးမြင့်ထူးအောင် (တို့ရိုးရာ)
Creative Designer